အာအက်ဖ်အေ

၂၀၀၄-၀၂-၀၅ (ညပိုင်း)

## NLD ကျိုင်းတုံပြည်နယ် ဥက္ကဌ ဦးစောနန္ဒိ ထောင်ထဲတွင် ကျန်းမာရေးအခြေအနေ ဆိုးရွားနေ

ရှမ်းပြည်နယ် ကျိုင်းတုံထောင်မှာ ပုဒ်မ(၅ည)နဲ့ (၇)နှစ် ချထားခြင်းခံရတဲ့ အန်အယ်လ်ဒီကျိုင်းတုံပြည်နယ် ဥက္ကဌ ဦးစောနန္ဒိဟာ ထောင်ထဲမှာ ကျန်းမာရေးအခြေအနေ ဆိုးရွားနေကြောင်း သတင်းရရှိပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး အာအက်ဖ်အေသတင်းထောက် ဦးသစ်ထူးလွင်က အခုလိုသတင်းပေးပို့ထားပါ တယ် ခင်ဗျာ။

နအဖက စပါးဈေးနှိမ် ဝယ်ယူတာနဲ့ပတ်သက်လို့ ကျိုင်းတုံမြို့နယ်မှ တောင်သူလယ်သမားတွေဘက်က မားမားမတ်မတ် ရပ်တည်ပြောဆိုမှုနဲ့ ဖမ်းဆီးထောင်ချခံထားရတဲ့ ကျိုင်းတုံမြို့နယ် အန်အယ်လ်ဒီဥက္ကဌ ဦးစောနန္ဒိ ကျိုင်းတုံထောင်ထဲမှာ ကျန်းမာရေးအခြေအနေဆိုးဝါးနေကြောင်း သိရပါတယ်။ ဦးစောနန္ဒိ အတွက် လိုအပ်တဲ့ ဆေးဝါးတွေကိုတော့ ကျိုင်းတုံ မြို့နယ် အန်အယ်လ်ဒီပါတီဝင်တွေက စုပေါင်းဝယ်ယူပေး နေတယ်လို့ သိရပါတယ်။ ဒီအကြောင်းတွေနဲ့ပတ်သက်လို့ ကျိုင်းတုံမြို့နယ်အန်အယ်လ်ဒီ ပါတီဝင်တစ်ဦးကို အာအက်ဖ်အေက ဆက်သွယ်မေးမြန်းကြည့်ရာမှာ

**ဖြေ။** ။ အဲဒီကိစ္စနဲ့ပတ်သက်လို့လေ ပြီးခဲ့တဲ့ နှစ်ပတ်လောက်မှာ သူ့အမျိုးသမီးကနေ တစ်ဆင့်ပေါ့လေ၊ ဆေးလေး၊ ဘာလေး ထောင်ကနေတဆင့်ပေါ့လေ၊ သူတို့ ဆေးအမျိုးအစားတွေဝယ်ပေးပါဆိုပြီး ကျွန်တော်တို့အဖွဲ့ဝင်တွေဆီ ရောက် လာတယ်။ နောက်ကျွန်တော်တို့လည်း ပေါင်းပြီးတော့မှ ဝယ်ပေးရတာပေ့ါ။ ထောင်ကနေပြီးတော့မှ ရေးပေးထားတဲ့ အတိုင်းပေါ့လေ ဆေးတွေ၊ ဘာတွေ ဝယ်ပေးရတာပေ့ါ။ ကျွန်တော်တို့ ဆေးဝယ်ပေးရတဲ့နေရာမှာ အကြိမ်အားဖြင့် ပြောမယ်ဆိုရင်တော့ လေးငါးကြိမ်ရှိပါပြီ။ ကျွန်တော်တို့ ဆေးဝယ်ပေးရတာ၊ ဟုတ်ကဲ့။ အဲဒီလိုအခြေအနေမျိုးရှိတော့ သူလည်း ကျန်းမာရေးအခြေအနေ သိပ်မကောင်းတဲ့ပုံစံ ပေါ်တာပေ့ါနော်။

**မေး။** ။ ဦးစောနန္ဒိ လတ်တလောခံစားနေရတဲ့ ရောဂါဝေဒနာကိုလည်း အခုလိုသိရပါတယ်။

**ဖြေ။** ။ သူကတော့ အသက်ကြီးတဲ့ပုဂ္ဂိုလ် အသက်အားဖြင့် (၆၀)ကျော်ပြီပေ့ါ။ သူအရင် ထောင်မကျခင် ဆေးရုံ တက်ဖူးသေးတယ်လေ။ အဲဒီအချိန်မှာ သူ့ရောဂါက သွေးတိုးရောဂါလည်း ရှိတယ်။ နောက် ပန်းနာရင်ကြပ်လည်းရှိတယ်။ ဆီးချိုရောဂါလည်း ရှိတယ်။

ဦးစောနန္ဒိအကြောင်း ကျိုင်းတုံမြို့က အန်အယ်လ်ဒီပါတီဝင်တစ်ဦး ပြောပြသွားတာဖြစ်ပါတယ်။ ကျိုင်းတုံမြို့နယ် အန်အယ်လ်ဒီဥက္ကဌ ဦးစောနန္ဒိကို ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်နေ့မှာ အာဏာပိုင် တွေက ဖမ်းဆီးခဲ့ပြီး၊ ၂၀၀၂ ခုနှစ် အောက်တိုဘာလ (၂၂)ရက်နေ့မှာ ကျိုင်းတုံခရိုင်တရားရုံးက ထောင် (၇)နှစ်ချခဲ့တာ ဖြစ်ပါတယ်။ ဘာအပြစ်နဲ့ ထောင်ချခဲ့တာဆိုတာကိုတော့ ဦးစောနန္ဒိအမှုမှာ ရှေ့နေလိုက်ပေး ခဲ့တဲ့ အန်အယ်လ်ဒီ ဗဟိုဥပဒေအထောက်အကူပြု အဖွဲ့က သဃ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်ကို အာအက်ဖ်အေက ဆက်သွယ်မေးမြန်း ကြည့်ရာမှာ

**ဖြေ။** ။ အမှုတွဲကို ကြည့်လိုက်တဲ့အခါကျတော့ အမှုတွဲမှာအဓိကက သူကိုအပြစ်ပေးတဲ့အခါမှာတော့ ဒီ လယ်သမား တွေနဲ့ ပတ်သက်တဲ့ပိုင်ခွင့်တွေကို ဦးစောနန္ဒိတို့က မှန်မှန်ကန်ကန်ရပ်တည်ပေးခဲ့တဲ့အချက်က အဓိက ဖြစ်လာတယ်။ အဲဒီအချိန်တုန်းက ကျိုင်းတုံမြို့နယ်မှာ စပါးတစ်တင်း ပြင်ပပေါက်ဈေးက လေးထောင်ဖြစ်တယ်။ အစိုးရက ဝယ်တဲ့နှုန်းက (၃၅၀) ဖြစ်တယ်။ အဲဒီတော့ လယ်သမားတွေက စပါးမရောင်းဘူး၊ စာချုပ်မချုပ်ဘူး။ ဘာကြောင့်လည်းဆိုတော့ ဈေးနှုန်း နည်းလို့မရောင်းချင်တာ။ အဲဒီ ဈေးနှုန်းနည်းလို့ မရောင်းချင်တာကို ဦးစောနန္ဒိတို့ကြောင့် စပါးဝယ်ယူရေးထိခိုက်တယ် ဆိုပြီးတော့ ဒါဟာ အပြစ်ပေးခဲ့တာ ဖြစ်တယ်။

**မေး။** ။ ဦးအချိန်ကာလမှာတော့ ဦးစောနန္ဒိတို့ တင်ပြခဲ့တဲ့ လွတ်လပ်စွာစပါးရောင်းဝယ်ခွင့်လည်း ခွင့်ပြုခဲ့ပြီးဖြစ်တာ ကြောင့် ဦးစောနန္ဒိတို့ကို ပြန်လွှတ်သင့်ပြီဖြစ်ကြောင်းလည်း ဦးသိန်းညွန့်က ဆက်ပြော ပြပါတယ်။

**ဖြေ။** ။ လွတ်လပ်စွာ စပါးဝယ်ယူရေးကို ခွင့်ပြုလိုက်တဲ့အချိန်မှာ လွတ်လပ်စွာစပါးရောင်းဝယ်ခွင့်ရရှိရေးဆိုတဲ့ ရှမ်းပြည် နယ်မှာ ရှမ်းတောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားအတွက် ရပ်တည်ပြောဆိုခဲ့တဲ့ ကျိုင်းတုံမြို့နယ်အဖွဲ့ချုပ် ဥက္ကဌ ဦးစောနန္ဒိ အဲဒီအချိန်ကတော့ အသက် (၆၇) နှစ်ပါ။ သူ့ကို (၅ည)နဲ့ ထောင် (၇) နှစ်ချလိုက်တယ်။ အဲဒီချခဲ့တဲ့ ထောင် (၇)နှစ်က အခုဆိုရင် (၁) နှစ်ကျော်ပါပြီ။ အခုဆိုရင် (၆၉) နှစ်ထဲ ဝင်လာပါပြီ။ အဲဒီတော့ သူတို့ဦးတည်ခဲ့တဲ့ လွတ်လပ်စွာ ဆန်စပါးရောင်းဝယ်ခွင့်ဆိုတာကလည်း ယနေ့ တောင်သူလယ်သမားတွေ ရရှိလာတဲ့ အခြေအနေရောက်လာပါပြီ။ အဲဒီလို အခြေအနေမျိုးမှာ တောင်သူလယ်သမားဖွံ့ဖြိုးရေးအတွက် မှန်မှန်ကန်ကန်ရပ်ခဲ့တဲ့ ရှမ်းလူမျိုးစုနိုင်ငံရေးခေါင်းဆောင် တစ်ယောက်ကို

ထောင်ဒါဏ် (၇)နှစ်အထိ ထောင်ထဲမှာထားခြင်းဟာ ဒီနေ့အချိန်အခါ အခြေအနေနဲ့ မကိုက်ညီတော့ ပါဘူး။ သူ့ရဲ့ အသက်အရွယ်အရပဲ ဖြစ်ဖြစ်၊ သူလုပ်ခဲ့တဲ့မှန်မြတ်တဲ့ ရည်ရွယ်ချက်ကိုပဲ လက်ခံတယ်ဆိုတဲ့ အခြေအနေ မျိုးလည်း ပေါ်လွင်နေတဲ့အချိန်မှာ ဦးစောနန္ဒိကို အခုချသမျှ ပြစ်ဒဏ်နဲ့ထားပြီးတော့ ကျန်ပြစ်ဒဏ်တွေကိုတော့ ပြန်လည် လွှတ်သင့်ပါတယ်။

ကျိုင်းတုံမြို့နယ် အန်အယ်လ်ဒီဥက္ကဌ ဦးစောနန္ဒိဖမ်းဆီးထောင်ကျခံရတာနဲ့ပတ်သက်လို့ ဦးစောနန္ဒိရဲ့ အမှုလိုက်ရှေ့နေ အန်အယ်လ်ဒီ ဗဟိုဥပဒေပြုအထောက်အကူပြုအဖွဲ့ဝင် သဃ်္ဃန်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်း ညွှန့် အာအက်ဖ်အေကို ပြောပြသွားတာဖြစ်ပါတယ်ခင်ဗျာ။

---